


**ချစ်စွာသောမိတ်ဆွေ . . .**
**သင့်ရဲ့ဘုရားကကြီးရင်**
**သင့်ပြဿနာကသေးပါတယ် . . .**
**သင့်ရဲ့ဘုရားကသေးရင်**
**သင့်ပြဿနာကကြီးပါတယ်။**

ချစ်စွာသောစာဖတ်သူ မိတ်ဆွေသင် အမြဲကြားဖူးနေကျ ငယ်စဉ်ကပင်ကြားဖူးလာသော ဒါဝိဒ်နှင့် ဂေါလျတ်တို့၏ တိုက်ပွဲအကြောင်း ကိုအခြေခံ၍ မိမိ၏ဝိညာဉ်ရေးအသက်တာ အတွက်ဆင်ခြင်ကြပါစို့…

(၁ရာ ၁၆)မှာ ရှမွေလအားဖြင့် ဒါဝိဒ်ကို ဘုရားသခင်က ဘိသိက်ပေးကြောင်း တွေ့ရပါသည်။ ယနေ့ ဓမ္မသစ်ကာလမှာတော့ ဘုရားသခင်က "ယုံကြည်သူ" တိုင်းကိုခရစ်တော်အားဖြင့် ဘိသိက်ပေးပါသည်။

"သင်တို့နှင့် ငါတို့ကိုခရစ်တော်၌ တည်စေ၍ ဘိသိက်ပေးသောသူကား ဘုရားသခင်ဖြစ်သတည်း" (၂ကော ၁း၂၁)။

(မှတ်ချက်။ ။ "ယုံကြည်သူ" ဆိုသည်မှာ ခရစ်တော်ကိုကယ်တင်ရှင်အဖြစ်အကြွင်းမဲ့ ယုံကြည်၍ ကယ်တင်ခြင်းစိတ်ချမှုရှိသောသူ ကိုသာဆိုလိုပါသည် … အကြောင်းကြောင်းကြောင့် အိမ်ထောင်ဖက်ကြောင့်၊ ထောက်ပံ့မှုကြောင့်၊ ရယူလိုမှုတခုကြောင့်၊ ခရစ်ယာန်ဖြစ်လာသူများကိုမဆိုလိုပါ)

ထိုသို့ဘိသိက်ပေး၍ ဘုရားသားသမီး အဖြစ်ကိုရောက်သော်လည်း အသက်တာမှာ မအောင်မြင်သောသူတွေ များစွာရှိပါသည်။ ထိုသူများမှာ ရှောလုဘုရင်ကဲ့သို့သော ရှုံးနိမ့်သောယုံကြည်သူများဖြစ်ပါသည်။ ဘုရားသခင်အလိုရှိသည်မှာ ဒါဝိဒ်ကဲ့သို့ အောင်မြင်သောယုံကြည်သူများ ဖြစ်ပါသည်။ သင်ရော မည်ကဲ့သို့ယုံကြည်သူမျိုးပါနည်း။

(၁ရာ ၁၇) တွင် ဣသရေလလူမျိုးများ ကိုစိန်ခေါ်နေသော ဂေါလျတ်၏အကြောင်းကို တွေ့ရပါသည်။ သမ္မာကျမ်းစာတွင် မနက်တစ်ကြိမ် ညနေတစ်ကြိမ် ရက်ပေါင်း (၄၀) တိုင် ဂေါလျတ်သည်သူ၏ကိုယ်ခန္ဓာ ထွားကျိုင်းမှုကိုပြ၍ စိန်ခေါ်နေကြောင်းတွေ့ရပါသည်။ (၁ရာ ၁၇း၂၄)။

"ဣသရေလ လူအပေါင်းတို့သည် ထိုသူကိုမြင်သောအခါ အလွန်ကြောက်ရွံ့၍ပြေးကြ၏" (၁ရာ ၁၇း၂၄)။

ဂေါလျတ်၏စိန်ခေါ်ခြင်းကို ဣသရေလ တို့ကြောက်ရွံ့နေပါသည်။ ယနေ့ယုံကြည်သူများကို လောကကြီးက စိန်ခေါ်နေပါသည်။

"သင်ဟာကြောက်ရွံ့နေတဲ့ ရှောလုလား"

"သင်ဟာရဲရင့်တဲ့ ဒါဝိဒ်လား" စဉ်းစားပါ။

## "ကြောက်ရွံ့သောရှောလု"

ရှောလုဘုရင်ဟာလည်း တချိန်က ဘိသိက်ပေးခြင်းခံရပေမဲ့ ဂေါလျတ်ကိုတော့ ကြောက်ရွံ့နေပါတယ်။ သခင်ယေရှုက တပည့်တော်များကို မကြာခဏ အပြစ်တင်တဲ့ စကားကတော့ "သင်တို့သည် အဘယ်ကြောင့် ဤမျှလောက်ကြောက်တတ်သနည်း" ဟူ၍ဖြစ်သည်။ ကြောက်ရွံ့ခြင်းကိုသခင်ယေရှု မနှစ်သက်ပါ။ (မ ၁၄း၂၇-၃၁) တွင်ပေတရု ရေပေါ်လမ်းလျှောက်

ခြင်းအကြောင်း တွေ့ရပါသည်။ ရေပေါ်မှာလျှောက်လာပြီးမှ နစ်မြုပ်သွားပါသည်။ အဘယ်ကြောင့်နည်း။ သမ္မာကျမ်းစာတွင် “လေပြင်းသည်ကိုမြင်လျှင် ကြောက်လန့်၍ နစ်မွန်းလုသည်ရှိသော်” ဟု ဆိုထားသည်။ ကြောက်လန့်သောကြောင့် နစ်မြုပ်သွားခြင်းဟု နားလည်ရပါသည်။ မိတ်ဆွေ သင်ဟာကြောက်ရွံ့နေရင် လောကရဲ့လှိုင်းတံပိုးအောက်မှာ နစ်မြုပ်သွားပါလိမ့်မယ်... ကြောက်ရွံ့သူရဲ့ဆုလဒ်ကဆုံးရှုံးခြင်းပါ။

## “ရဲရင့်သောဒါဝိဒ်”

ရှောလုဆိုတဲ့ဘုရင်ကြီး ကြောက်နေတဲ့ အချိန်မှာ ဒါဝိဒ်ဆိုတဲ့ သိုးကျောင်းသားလေးက ရဲရင့်စွာနဲ့ ရန်သူကို ထွက်တိုက်ပါတယ်။ အပေါ်ယံကိုကြည့်ရင် ရှောလုဘုရင်က အဆောင်အယောင် အခမ်းအနားနဲ့ ပြည့်စုံပါတယ်။ ဒါဝိဒ်ဆိုတဲ့သိုးကျောင်းသားလေး ကတော့ စစ်လည်းမတိုက်ဘူးသလို၊ အသက်တာမှာလည်း စစ်သူရဲနဲ့ဆိုင်တဲ့အဆောင်အယောင်တွေလည်း မရှိပါဘူး။ သို့ပေမဲ့ကြောက်ရွံ့ခြင်းနဲ့ ရဲရင့်ခြင်းဆိုတာက အတွင်းသဘောနဲ့ ဆိုင်တဲ့အရာတွေပါ။ ထိုနည်းတူ ကျမ်းစာကျောင်းမှ ဘွဲ့ထူးဂုဏ်ထူးတွေရထားသောကြောင့် သိက္ခာတော်ရဆရာတော်ကြီးဖြစ်သောကြောင့် စသည့်အရာများနှင့်ဆုံးဖြတ်၍မရပါ။

ဒါဝိဒ်က ဘုရားသခင်သူ့ဘက်မှာရှိသည် ဟူသောစိတ်ချမှုနှင့် ရဲရင့်စွာထွက်တိုက်ပါသည်။

ချစ်သောမိတ်ဆွေ သင်လည်းဘဝမှာ စိန်ခေါ်နေတဲ့အရာတွေခရစ်တော်အတူရှိကြောင်း စိတ်ချမှုနှင့် ရပ်တည်ရင်ဆိုင်ပါ။ ဒါဝိဒ်ကဲ့သို့ အောင်ပွဲခံသောသူဖြစ်ပါလိမ့်မည်။

“ရဲရင့်သူအတွက် ဆုလဒ်ကအောင်မြင်ခြင်းပါ”

## “အနုတ်လက္ခဏာဆန်သောရှောလု”

ဒါဝိဒ် ဂေါလျတ်ကိုတိုက်မည်ဟု ပြောသောအခါ ရှောလုက “သင်သည် ထိုဖိလိတ္တိလူကိုသွား၍မတိုက်နိုင်” (၁ရာ ၁၇း၃၃) ဟု ပြောပါသည်။ မင်းသွားတိုက်ရင်မနိုင်ဘူး စစ်မရောက်ခင် မြွှားကုန်သောသဘောမျိုးဖြစ်ပါသည်။ အရှုံးဖက်မှ စဉ်းစားသော အနုတ်လက္ခဏာဆန်သည့် အတွေးအခေါ်ဖြစ်ပါသည်။ ယနေ့ယုံကြည်သူ များစွာနှုတ်မှ ရှောလုဘုရင်ကဲ့သို့ မလုပ်နိုင်၊ မရနိုင်၊ မဖြစ်နိုင်စသည်ဖြင့် အနုတ်(Negative)လက္ခဏာစကားများ ကြားရပါသည်။

ရှောလုဘုရင်သည် ဒါဝိဒ်နှင့် ဂေါလျတ် ကိုနှိုင်းယှဉ်ကြည့်ပြီး ဤစကားကိုပြောခြင်းဖြစ်ပါသည်။

ချစ်စွာသောမိတ်ဆွေ သင်နှင့် ပြဿနာကို နှိုင်းယှဉ်ကြည့်လျှင်လည်း ရှောလုဘုရင်ကဲ့သို့ အဖြေမျိုးရပါမည်။

အဘယ်ကြောင့်ဆိုသော် ဂေါလျတ်က ကြီးပြီး ဒါဝိဒ် ကငယ်သောကြောင့်ဖြစ်ပါသည်။ ထိုနည်းတူ သင့်ရဲ့ပြဿနာက ကြီးပြီးသင်ကငယ်နေပါလိမ့်မည်။ ထိုသို့ နှိုင်းယှဉ်မိလျှင် သင်လည်း စိတ်ဓါတ်ကျပြီး ဒီပြဿနာကြီးတော့ ငါဖြေရှင်းနိုင်မှာ မဟုတ်ပါဘူးဟု အတွေးဆိုးများကသင့်ကိုလွှမ်းမိုးပါလိမ့်မည်။ ထိုအခါသင်သည် ရှောလုဘုရင်ကဲ့သို့ ရှုံးနိမ့် သောသူဖြစ်ပါလိမ့်မည်။

> ချစ်သောမိတ်ဆွေ
> သင်လည်းဘဝမှာ စိန်ခေါ်နေတဲ့အရာတွေ
> ခရစ်တော်အတူရှိကြောင်း စိတ်ချမှုနှင့်
> ရပ်တည်ရင်ဆိုင်ပါ။
> ဒါဝိဒ်ကဲ့သို့ အောင်ပွဲခံသောသူ
> ဖြစ်ပါလိမ့်မည်။

### “အပေါင်းလက္ခဏာဆန်သောဒါဝိဒ်”

ဒါဝိဒ်က ဂေါလျတ်ကို တိုက်လှျင်နိုင်မည်ဟု စိတ်ချမှုအပြည့်ရှိပါသည်။ အဘယ်ကြောင့်နည်း။ တောထဲမှာ သိုးကျောင်းစဉ်ကပင် လာရောက်၍ အန္တရယ်ပြုသော ခြင်္သေ့နှင့် ဝက်ဝံ တို့ရန်မှ ဘုရားသခင်ကွယ်ကာစောင့်ရှောက်သည်ကို ဆင်ခြင်နေသောကြောင့်ဖြစ်ပါသည်။ “ခြင်္သေ့လက်၊ ဝက်ဝံလက်မှ ကျွန်တော့်ကို ကယ်နှုတ်တော်မူသောထာဝရဘုရားသည် ထိုဖိလိတ္တိလူ လက်မှကယ်နှုတ်တော်မူလိမ့်မည်” (၁ရာ ၁၇း၃၇)။

ဘုရားသခင် ကောင်းမြတ်ခြင်းကို ဆင်ခြင်သော ဒါဝိဒ်ဖြစ်ပါသည်။ စာဖတ်သူမိတ်ဆွေ သင့်ပြဿနာကိုမဆင်ခြင်ပါနှင့်။ ဘုရားသခင်ကောင်းမြတ်ခြင်းကိုသာ ဆင်ခြင်ပြီး ဘဝပြဿနာများကို ရင်ဆိုင်ပြီးအောင်ပွဲခံပါ။ ဘုရားသခင်ကောင်းမြတ်ခြင်းကို ဆင်ခြင်သော ဒါဝိဒ် နှုတ်မှ အပေါင်းလက္ခဏာ (Positive)ဆန်သော စကားများသာကြားရပါသည်။

ဒါဝိဒ်သည် ဘုရားသခင်နှင့် ဂေါလျတ် နှိုင်းယှဉ်ကြည့်ပါသည်။ ထိုအခါ ဘုရားသခင်က ကြီးပြီး ဂေါလျတ်သေးပါသည်။ ထို့ကြောင့် ဒါဝိဒ်အတွက် ဂေါလျတ်ကိုကြောက်စရာမလိုပါ။

“ချစ်သား သင်တို့သည် ဘုရားသခင်နှင့် စပ်ဆိုင်ကြ၏။ ထိုသူတို့သည်လည်း အောင်ကြပြီ အကြောင်းမူကားသင်တို့ဘက်၌ ရှိသောသူသည် လောကဘက်၌ ရှိသောသူထက်သာ၍ကြီးတော်မူ၏ (၁ယော ၄း၄)။

ချစ်စွာသောမိတ်ဆွေ . . .

သင့်ရဲ့ဘုရားကကြီးရင် သင့်ပြဿနာကသေးပါတယ် . . .

သင့်ရဲ့ဘုရားကသေးရင် သင့်ပြဿနာကကြီးပါတယ်။

ရှောလုဘုရင်ရဲ့ဘဝမှာ ဘုရားသခင်ကကြီးပြီး ဂေါလျတ်က သေးပါတယ်။

### “မိမိကိုယ်ကိုအားကိုးသောရှောလု”

ရှောလုဘုရင်သည် မိမိခွန်အား မိမိအရည်အချင်းကိုအားကိုးသောသူဖြစ်ပါသည်။ မိမိကိုယ်ကို အားကိုးခြင်းမှာအကန့်အသတ်ရှိ ပါသည်။ ဘုရားသခင်ကိုအားကိုးခြင်းက အကန့်အသတ်မရှိပါ။ မိမိအစွမ်းအစကို အားကိုးသောရှောလုဘုရင်သည် ဂေါလျတ်နှင့် တွေ့သောအခါ မယှဉ်နိုင်ဖြစ်သွားပါသည်။ သို့သော်လည်း ဒါဝိဒ်က ဂေါလျတ်ကိုတိုက်ရန် သွားသောအခါ သူ၏စစ်ဝတ်ရုံများကို ဝတ်ဆင်ပေးပါသည်။ “ရှောလုသည်လည်း ဒါဝိဒ်ကိုမိမိအဝတ်နှင့် ဝတ်စေသဖြင့် သူ၏ခေါင်းပေါ်မှာ ကြေးဝါခမောက်လုံးကိုတင်၍ သံချပ်အင်္ကျီကိုလည်းဝတ်စေ၏။ ဒါဝိဒ်သည် ထား (ဓါး)တော်ကို အဝတ်ပေါ်မှာစည်း၍ သွားမည်ဟုအားထုတ်သော်လည်း ထိုလက်နက်များကို မစုံစမ်းသေး။ သို့ဖြစ်၍ ဒါဝိဒ်ကဤလက်နက်တို့နှင့် ကျွန်တော်မသွားနိုင်ပါ။ မစုံစမ်းပါသေးဟု ရှောလုအား လျှောက်၍ ချွတ်ပြန်လေ၏ (၁ရာ ၁၇း၃၈–၃၉)။

ရှောလုဘုရင်က ဤဝတ်စုံများနှင့်မှ တိုက်ပွဲဝင်၍ဖြစ်မည်ဟုထင်နေပါသည်။ ယနေ့ ကျမ်းစာကျောင်းဆင်းမှ အမှုတော်ဆောင်ရမည်ဟု ထင်နေသူများမှာလည်း ရှောလုဘုရင်နှင့် သဘောခြင်းတူပါသည်။

အောင်မြင်သော အမှုတော်ဆောင်ကောင်း တစ်ဦးဖြစ်ရန် ဘုရားသခင်ကို ကိုးစားခြင်းက အရေးကြီးပါသည်။ ကျမ်းစာကျောင်းအောင်ခြင်းက အရေးမကြီးပါ။ ထို့ကြောင့် အောင်မြင်သော အသက်တာ၌ လျှောက်လှမ်းနိုင်ဖို့ရန် ဘုရားသခင်ကို ကိုးစားသောသူဖြစ်ဖို့ အရေးကြီးပါသည်။

မိမိကိုယ်ကို အားကိုးခြင်းမှာ
အကန့်အသတ်ရှိ ပါသည်။
ဘုရားသခင်ကိုအားကိုးခြင်းက
အကန့်အသတ်မရှိပါ။

မိမိအရည်အချင်း အစွမ်းအစကို အားကိုး၍ လျှောက်လှမ်းလျှင် ရှောလုဘုရင်ကဲ့သို့ ဆုံးရှုံးသောသူ ဖြစ်ပေလိမ့်မည်။

**“ဘုရားသခင်ကို ကိုးစားသောဒါဝိဒ်”**

ဒါဝိဒ်သည် ဂေါလျတ်ကို အောင်မြင်ခြင်း၏အဓိကအချက်မှာ ဘုရားသခင်ကို ကိုးစားခြင်းပင်ဖြစ်သည်။ ယနေ့စာဖတ်သူ မိတ်ဆွေရဲ့အသက်တာမှာလည်း ဘုရားသခင်ကို ကိုးစား၍ လျှောက်လှမ်းလျှင် အောင်မြင်မှုကို ခံစားရမည်ဖြစ်ပါသည်။

ဒါဝိဒ်က သင်သည် ထား(ဓါး)၊ လှံ၊ ကိဒုန် ပါလျက် ငါ့ထံသို့လာ၏။ ငါသည် သင်ကြိမ်းပသော ဣသရေလ ဗိုလ်ခြေတို့၏ဘုရားသခင်ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၏နာမတော်ပါလျှက် သင်ရှိရာသို့လာ၏ (၁ရာ ၁၇း၄၅)။

“ထာဝရဘုရားသည်ထား (ဓါး) လှံအားဖြင့် ကယ်တင်တော်မမူကြောင်းကို ဤပရိသတ်အပေါင်းတို့သိကြလိမ့်မည်။ အကြောင်းမူကား ထာဝရဘုရားသည် စစ်မှုကိုပိုင်၍၊ ငါတို့လက်သို့အပ်နှံတော်မူမည်ဟု ဖိလိတ္တိလူအားဆို၏” (၁ရာ ၁၇း၄၇)။

ဒါဝိဒ်ပြောသော စကားများကို ကြည့်လျှင် သူသည်ဘုရားအားကိုးနှင့် တိုက်ပွဲဝင်သောသူဖြစ်ကြောင်း နားလည်ရပါသည်။

ဆုံးရှုံးခြင်းနှင့်အောင်မြင်ခြင်းမှာ ဘုရားသခင်လက်တော်၌ရှိပြီး ဘုရားသခင်ကို ကိုးစားသောသူသည် အစဉ်အောင်ပွဲကိုခံရမည်ဖြစ်ကြောင်း ဒါဝိဒ်က ကောင်းကောင်း သဘောပေါက်ထားပါသည်။

“ထာဝရဘုရားသည် ငါ၏ခွန်အားဗလ ငါ၏အကွယ်အကာ ဖြစ်တော်မူ၏။ ငါ့နှလုံးသားသည် ထိုဘုရားကို ကိုးစား၍ ငါ့ကိုစောင့်မတော်မူသောကြောင့် ငါ့နှလုံးသည် ရွှင်လန်းလျှက်ရှိ၏” (ဆာ ၂၈း၇)။

ဤဆာလံအားဖြင့် ဒါဝိဒ်က သူသည်အစဉ်ထာဝရဘုရားကို ကိုးစားသောသူ ဟုဖေါ်ပြပါသည်။

ချစ်စွာသော စာဖတ်သူမိတ်ဆွေ သင်သည်လည်း ဒါဝိဒ်ကဲ့သို့ထာဝရဘုရားကို အစဉ်ကိုးစားသောသူဖြစ်ပါစေ . . . ဒါဝိဒ်သည် ထာဝရဘုရားကို ကိုးစား၍ ရန်သူဂေါလျတ်ကို အောင်ပွဲခံသကဲ့သို့ သင်သည်လည်း ထာဝရဘုရားကို ကိုးစား၍ ပြဿနာများ စိန်ခေါ်မှုများကို အောင်ပွဲခံပါလေ. . .။

စာဖတ်သူချစ်မိတ်ဆွေအားလုံး ဒါဝိဒ်ကဲ့သို့အောင်ပွဲခံသောသူများဖြစ်နိုင်ကြပါစေ။

–ဇော်သူလင်း–
မြန်မာလူငယ်ပြုစုပျိုးထောင်ရေးသာသနာ

**ထာဝရဘုရားသည်
ငါ၏ခွန်အားဗလ ငါ၏အကွယ်အကာ
ဖြစ်တော်မူ၏။
ငါ့နှလုံးသားသည်
ထိုဘုရားကို ကိုးစား၍
ငါ့ကိုစောင့်မတော်မူသောကြောင့်
ငါ့နှလုံးသည် ရွှင်လန်းလျှက်ရှိ၏**